## လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နှင့် ဖွံ့ဖြိုးရေး လုပ်သားများအတွက် လိင်ပိုင်းဆိုင်ရာနှင့် ပတ်သက်သော အမူအကျင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

**လိင်ကိစ္စနှင့် ဆက်စပ်သော လက်မခံနိုင်ဖွယ်ရာ အပြုအမူများ**အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများကို **ပြစ်ဒဏ်ပေးအရေးယူနိုင်သည့်**အပြင် နောက်ဆုံး **အလုပ်ထုတ်ပစ်သည်**အထိ ဆောင်ရွက်နိုင်သည်။ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

- အကယ်၍ သူတို့၏တိုင်းပြည်တွင် တရားဝင်ဥပဒေရှိခဲ့သော်ငြားလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်သားများအနေဖြင့် အသက် ၁၈ နှစ်အောက်ရှိ မည်သူမဆိုနှင့် လိင်ပိုင်းဆိုင်ရာ ဆက်ဆံခြင်းကို ခွင့်မပြုပါ။ လူတစ်ဦး၏ အသက်အမှန်ကို မသိခဲ့ပါဟု ပြောခြင်းသည် ခိုင်လုံသော ဆင်ခြေတစ်ခု မဟုတ်ပါ။

- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်သားများသည် အကူအညီလိုအပ်သည့် သူများအား ကူညီထောက်ပံ့ရန် ရည်ရွယ်ထားသော ပစ္စည်းများနှင့် ဝန်ဆောင်မှုများအပါအဝင် **ငွေအသပြာ၊ အလုပ်အကိုင်၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို လိင်ဆက်ဆံရန်အတွက် ပေးခြင်းကို ခွင့်မပြုပါ။** အခြားသူများအား အရှက်ရစေသည့် သို့မဟုတ် အမြတ်ထုတ်ခြင်းကိုဖြစ်စေသည့် မည်သည့် အပြုအမူမျိုးကိုမဆို လက်ခံလာစေရန် အထက်ပါဝန်ဆောင်မှုများ အသုံးပြုပြီး ကတိပေးခြင်းများ မပြုရ။ ဤတွင် ပြည့်တန်ဆာနှင့်အတူ လိင်ဆက်ဆံရန် ငွေကမ်းလှမ်းခြင်း သို့မဟုတ် ငွေပေးခြင်းတို့ ပါဝင်သည်။

- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်သားများသည် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ လက်ခံရရှိသူတို့ အပေါ်တွင် သြဇာလွှမ်းမိုးမှုရှိပါသည်။ ထိုလွှမ်းမိုးမှုသည် အကူအညီလိုအပ်နေသူများနှင့် စပ်လျဉ်း၍ ၎င်းတို့အား လုပ်ပိုင်ခွင့်အာဏာရှိစေသော အနေအထားတစ်ရပ်သို့ ရောက်စေသည်။ ထို့အကြောင်းကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် **အရေးပေါ် လူသားချင်းစာနာထောက်ထားမှုများ သက်ရောက်ခံရသော မည်သည့်တစ်စုံတစ်ဦးနှင့်မျှ လိင်ပိုင်းဆိုင်ရာဆက်ဆံမှု မရှိစေရ။** ထိုကဲ့သို့သော အပြုအမူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အယုံအကြည်လျော့နည်းမှုကို ဖြစ်စေသည်။

- အကယ်၍ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်သားသည် သူ၏အဖွဲ့အစည်း သို့မဟုတ် အခြား အကူအညီပေးရေး အဖွဲ့အစည်းအတွင်းရှိ တစ်စုံတစ်ယောက်က လူသားချင်း စာနာထောက်ထားမှု လိင်ပိုင်းဆိုင်ရာ အမူအကျင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်နေသည်ဟု **စိုးရိမ်မှု သို့မဟုတ် သံသယများ** ရှိနေပါက သူတို့၏ အေဂျင်စီကိုယ်စားလှယ်များမှ ပြဋ္ဌာန်းထားသည့် **လုပ်ထုံးလုပ်နည်းများ**အတိုင်း သတင်းပို့ရမည်။

- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်သားများသည် လက်မခံနိုင်သော လိင်ပိုင်းဆိုင်ရာအပြုအမူကို ကာကွယ်တားဆီးရန် နှင့် ဝန်ထမ်းများအတွက် ပြဋ္ဌာန်းထားသည့် **ကျင့်ဝတ်စည်းမျဉ်းများ**အား လိုက်နာကျင့်သုံးသော လုပ်ငန်းခွင်ကို **ဖန်တီးပြီး ထိန်းသိမ်း**ထားရမည်။ **စီမံအုပ်ချုပ်သူ မန်နေဂျာအားလုံး**သည် ထိန်းသိမ်းထားသည့် ဤပတ်ဝန်းကျင် စနစ်များကို ပံ့ပိုးရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ရှိပါသည်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားလုပ်မှုအပေါ် IASC ၏ အခြေခံမှုများကို ဤနေရာတွင် ရရှိနိုင်ပါသည် - http://www.pseataskforce.org/uploads/tools/sixcoreprinciplesrelatingtosea_iasc_english.doc

ဤရိုးစင်း၍ နားလည်လွယ်သော ရေးသားတင်ဆက်မှုကို IASC ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားမှုကြောင့် သက်ရောက်ခံရသူများနှင့် ကာကွယ်ရေးအတွက် တာဝန်ရှိသောအဖွဲ့ နှင့် နယ်စည်းမခြားဘာသာပြန်များ ပူးပေါင်းဆောင်ရွက်၍ ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။

ယခု ထုတ်ပြန်ချက်သည် မြန်မာ လိင်ပိုင်ဆိုင်ရာ အမြတ်ထုတ် နိုင်စာမှု တားဆီးရေး ကွန်ယက်က ဇန်နဝါရီ၂၀၂၀ တွင်  လူသားချင်း စာနာမှု အကူအညီပေးမှုနှင့် ဖွံ့ဖြိုးရေး အလုပ်၂မျိုးလုံးအတွက် အကျုံးဝင်စေရန် ပြင်ဆင်ထားသည်.